# တောင်ပုလဲကျေးရွာ
# ပုလောမြို့နယ်၊
# မြိတ်ခရိုင်
# တနင်္သာရီတိုင်းဒေသကြီး

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉ - ၂၀၂၃)






ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
တောင်ပုလဲကျေးရွာ၊ ပုလောမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၂၀ပြည့်နှစ်၊ ဇွန်လ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **စကားချီး** | |
| | တောင်ပုလဲကျေးရွာ သယံဇာတပြမြေပုံ၊ ပုလောမြို့နယ် | |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | |
| | (က) သီးနှံ စိုက်ပျိုးရေး | |
| | (ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း | |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | |
| | (ခ) ကျေးရွာ မီးလင်းရေး | |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | |
| ၆။ | **ပညာရေး** | |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | |
| ၉။ | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ** | |
| | | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | |
| | **နောက်ဆက်တွဲ (၃)** ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | |
| | **နောက်ဆက်တွဲ (၄)** ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | |
| | **နောက်ဆက်တွဲ (၅)** ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) | |
| | **နောက်ဆက်တွဲ (၆)** ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) | |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ ကျေးရွာ၏ လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၉/၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃/၂၀၂၄ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်း အချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ် အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို


ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာစသည် တို့ကို အဓိကထား ဖော်ပြထားပါသည်။

**၂၀၂၀ခုနှစ်၊ ဇွန် လ**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**
**တောင်ပုလဲကျေးရွာ**
**ပုလောမြို့နယ်**

ပုလောကုန်းကျေးရွာအုပ်စု၊ တောင်ပုလဲကျေးရွာသယံဇာတပြမြေပုံ၊ ပုလောမြို့နယ်



## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

တောင်ပုလဲကျေးရွာသည် ပုလောကုန်းကျေးရွာအုပ်စု၊ ပုလောမြို့နယ်တွင် ပါဝင်ပါသည်။ မြောက်လတ္တီတွဒ် ၁၂ဒီဂရီ၅၉မိနစ်၄.၇၅စက္ကန့်နှင့်အရှေ့လောင် ဂျီတွဒ် ၉၈ဒီဂရီ၃၈မိနစ်၊ ၄၉.၈၀စက္ကန့် ကြားတွင်တည်ရှိပြီး အရှေ့ဘက်တွင် မြို့ဟောင်းကျေးရွာ၊ အနောက်ဘက်တွင် စစ်ပြင်ကြီး ကျေးရွာ၊ တောင်ဘက်တွင် ဂျင့်ဂါကျေးရွာ၊ မြောက်ဘက်တွင် ပုလောကုန်းတို့နှင့် ထိစပ် လျှက်ရှိပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

တောင်ပုလဲကျေးရွာသည် ပူနွေးစွတ်စိုသော ရာသီဥတုရှိပြီး၊ အမြင့်ဆုံးပူချိန် (၉၀) ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်မှာ (၇၀) ဒီဂရီစင်တီဂရိတ် ဖြစ်ပါသည်။ ဆင်ထိုးကြီး ကျေးရွာ၏ အမြင့်ဆုံးမိုးရေချိန်မှာ (၁၉၅) လက်မဖြစ်ပြီး၊ အနိမ့်ဆုံးမိုးရေချိန်မှာ (၉၅) လက်မဖြစ်ပါသည်။တောင်ပုလဲကျေးရွာတွင် ဓာတ်သတ္တုနှင့် အခြား တွင်းထွက် သယံဇာတများ နှင့် သဲ၊ကျောက် များ မထွက်ရှိပါ။ သဘာဝ တိရစ္ဆာန် မျိုးစိတ်များမှာလည်း ယခုအခါ နည်းပါးလာပြီး လက်လှမ်းမမှီနိုင်တော့ပါ။ ဆေးဖက်ဝင်အပင်များဖြစ်သည့် ဘိစပ်ရွက်၊ လောက်သေရွက်များကို အနည်း ငယ်ရရှိပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

**မျစ်ချဉ်စုကျေးရွာတွင် အိမ်ထောင်စုပေါင်း** (၉၂) **အိမ်ရှိ ပြီး လူဦးရေစုစု ပေါင်း** (၅၄၀) **ဦးရှိပါသည်။** ကျေးရွာတွင် ဖွံ့ဖြိုးမှုပိုင်းအနေဖြင့် တိုးတက်မှု အသင့်အတင့်ရှိ သော ကျေးရွာတရွာဖြစ်ပါသည်။

တောင်ပုလဲကျေးရွာတွင် ကျေးရွာ၏ လူမှုရေး၊ အုပ်ချုပ်ရေး၊ပညာရေး၊ သာသနာရေး ရာများ ဆောင်ရွက်ရန် ဖွဲ့စည်းထားသော အဖွဲ့အစည်း (၉) ခုရှိပါသည်။ ကျေးရွာအုပ်ချုပ် ရေး အဖွဲ့မှ ကျန်းမာရေး၊ ဘာသာရေး၊ လူမှုဖွံ့ဖြိုးရေး၊ လုံခြုံရေးနှင့် ကာကွယ်ရေးစသည့် ကဏ္ဍများတွင် ဦးဆောင် ဦးရွက်ပြုလုပ်ဆောင်ပြီး စသည့်အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နေကြပါသည်။ သို့သော်လည်း လိုအပ်သည့်ဖွံ့ဖြိုး ရေးလုပ်ငန်းများ ဆောင်ရွက်နေသော်လည်း စနစ်တကျဆောင်ရွက်တတ်ခြင်း မရှိသော ကြောင့် စီမံခန့်ခွဲမှု သင်တန်း၊ အဖွဲ့အစည်းဆိုင်ရာသင်တန်းများ ပို့ချပေးမည်ဆိုပါက ပိုမိုအဆင်ပြေနိုင်ပါသည်။

တောင်ပုလဲကျေးရွာတွင် ပြင်ပအဖွဲ့အစည်းများအနေဖြင့် Fullerton

Myanmar, Vision Fund **တို့မှ ကျေးရွာအတွင်း ချေးငွေများ ထုတ်ချေးပေး လျှက်ရှိပါသည်။** ကျေးရွာ ဖွံ့ဖြိုး တိုးတက်ရန် ပြင်ပအဖွဲ့အစည်း၊ပရဟိတအဖွဲ့အစည်း၊ ပုဂ္ဂလိက ချေးငွေအဖွဲ့အစည်းများဖြင့် ချိတ်ဆက် ဆောင်ရွက်မည်ဆိုပါက စီမံခန့်ခွဲနိုင်မှုများနှင့် အဖွဲ့အစည်းများဖြင့် ဆောင်ရွက်တတ်လာနိုင်ပါသည်။

**၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(က) သီးနှံ စိုက်ပျိုးရေး**

မျှစ်ချဉ်စုကျေးရွာတွင် စိုက်ပျိုးနိုင်သော မြေဧရိယာမှာ ဥယျာဉ်ခြံမြေ၊ယာ/တောင်ယာ မြေ (၄၄၆)ဧက ရှိပါသည်။ ၂.၅ဧကအောက် ဆင်းရဲသားတောင်သူ(၁၇) အိမ်ထောင်စု၊ **၂.၅ ဧကမှ ၅ ဧကကြား တောင်သူငယ် (၂၀) အိမ် ထောင်စု၊ ၅ ဧကမှ ၁၂.၅ ဧကကြား တောင်သူလတ် (၁၅) အိမ်ထောင်စု၊ ၁၂.၅ ဧကအထက် တောင်သူကြီး (၁၀)အိမ်ထောင်စု စသည်တို့ ရှိကြပြီး အဓိကအားဖြင့် ဥယျာဉ်ခြံ သီးနှံများ ကို အဓိကအားထား စိုက်ပျိုးကြပါသည်။ မြေယာမဲ့ အိမ်ထောင်စုများသည် စုစုပေါင်း အိမ်ထောင်စု၏ (၃၂.၆၀%) ခန့်ရှိပါသည်။**

တောင်ပုလဲကျေးရွာတွင် အဓိကအားဖြင့် ဥယျာဉ်ခြံလုပ်ငန်း လုပ်ကိုင် ကြပါသည်။ မိုးစပါးစိုက်ပျိုးပြီး စိုက်ပျိုးသည့်အိမ်ထောင်စု(၂၈)စု ရှိပါသည်။ **တစ်ပိုင်တစ်နိုင်ဈေးဆိုင်များ လုပ်ကိုင်ကြပြီး ကျောင်းဆရာမများ၊ အဖြစ် လုပ်ကိုင်နေကြသူများလည်း ရှိကြပါသည်။ အခြားအသက်မွေးမှု နည်းပညာများ တတ်မြောက်သည့် အိမ်ထောင်စု နည်းပါးသဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးသောကြောင့် တခြားပြင်ပနိုင်ငံများတွင် သွားရောက် လုပ်ကိုင်သည့် ဦးရေ အနည်းငယ် ပိုများရခြင်း ဖြစ်ပါသည်။** ဓနိတောလုပ်ငန်း လုပ်ကိုင်သည့် အိမ်ထောင်စု(၃၀)စုရှိပြီး(၅၀%) လုပ်ကိုင်ကြပါသည်။ ကျောင်းဆရာ/မ (၁၀)ဦး၊ ကျန်းမာရေးဆရာမ(၂)ဦး နှင့် ထွေ/အုပ်၊ရဲ၊စစ်သား(၄)ဦးရှိပါသည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုများ မရှိပါ။

**(ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း**

**တောင်ပုလဲ** ကျေးရွာ၏ မွေးမြူရေးကဏ္ဍတွင် အိမ်ထောင်အများစုမှာ နွား၊ ဝက်၊ ကြက်၊**ဘဲ** စသည်တို့ကို တစ်ပိုင်တစ်နိုင်သာ မွေးမြူကြပါသည်။ တိရစ္ဆာန် ကူးစက် ရောဂါများ ကျရောက်မှု နည်းပါးသော်လည်း စီးပွားဖြစ်မွေးမြူရေးဆိုင်ရာ နည်း စနစ်များ နှင့် ရောဂါကာကွယ်ရေးဆိုင်ရာ ဆွေးနွေးပွဲများ ပြလုပ်ပေးနိုင်ပါက ပိုမို အဆင်ပြေပါမည်။ ငါးလုပ်ငန်းဆိုင်ရာ ဖမ်းဆီး/မွေးမြူသည့် အိမ်ထောင်စုများ မရှိပါ။

**တောင်ပုလဲကျေးရွာတွင် မွေးမြူရေးကို တနိုင်တပိုင်သာ မွေးမြူကြပါသည်။**

စားကျက်မြေ အသင့်အတင့်ရှိခြင်း၊ မျိုးကောင်းမျိုးသန့်များ ဝယ်ယူရန် လက်လှမ်းမီခြင်း၊ ချေးငွေ အသင့် အတင့် ရရှိနိုင်ခြင်း၊ သွင်းအားစုများ အလွယ်တကူဝယ်ယူနိုင်ခြင်းကလည်း ကျေးရွာရှိ အိမ်ထောင်စု များအတွက် မွေးမြူရေး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် အလားအလာ ရှိသော်လည်း မွေးမြူရေးလုပ်ငန်းကို စီးပွါးဖြစ်မွေးမြူခြင်းမရှိဘဲ မိရိုးဖလာစိုက်ပျိုးရေးလုပ်ငန်းကိုသာ လုပ်ကိုင် ကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

တောင်ပုလဲကျေးရွာ၏ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေး ဝမ်းကျောင်း လုပ်ငန်း ကျွမ်းကျင်မှု အားနည်းပါသည်။လမ်းပန်းဆက်သွယ်ရေး ကောင်း မွန်ခြင်း၊ လျှပ်စစ်မီးရရှိနိုင်ခြင်း၊အသေးစားလုပ်ငန်းများအတွက်ဈေးကွက်အသိအမြင် အသင့်အတင့် ရှိခြင်း၊ ချေးငွေရနိုင်မှု အသင့်အတင့်ရှိခြင်းတို့ကလည်း ကျေးရွာ၏ အသေးစားအလတ်စား စီပွားရေးလုပ်ငန်းများအတွက် အသက်မွေးမှု ပြုနိုင်သည့် အခွင့်အလမ်းကောင်းများဟု ဆိုရမည်ဖြစ်ပါသည်။ အသက်မွေးဝမ်း ကျောင်းလုပ်ငန်းအတွက် နည်းပညာဝန်ဆောင်မှုများ ရရှိရန် လိုအပ်နေပါသည်။ချေးငွေရရှိသော်လည်း လိုအပ်သလောက် မရရှိပါ။

တောင်ပုလဲကျေးရွာ၏ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေး ဝမ်းကျောင်း ပြုနိုင်သော ပညာရပ်တစ်ခုခုကို တက်မြောက်သူ နည်းပါးခြင်း၊ အလုပ်အကိုင် အခွင့်အလမ်း အသင့်အတင့် ရှိသော်လည်း ပိုမိုကောင်းမွန်သော အလုပ်များနှင့် ဝင်ငွေတိုးတက်စေရန်အတွက် အခြားဒေသများနှင့် ပြည်ပနိုင်ငံများတွင် သွားရောက်လုပ်ကိုင်ကြပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

တောင်ပုလဲကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ပုံစံ(၇)ဖြင့် (၁)စက လျှင်(၁၅၀၀၀၀)ကျပ်နှုန်းဖြင့် ချေးငွေရရှိပါသည်။ လယ်စိုက်ပျိုးသူများသည် သီးနှံထွက်ရှိချိန်တွင် မြန်မာ့ လယ်ယာ ဖွံ့ဖြိုးရေးဘဏ်သို့ ပြန်လည် ပေးဆပ်ရသည် ။ ချေးငွေ ကာလတိုတောင်းပြီး လုံလောက်သော ချေးငွေများ မရသည်ကလည်း လုပ်ငန်းတိုးချဲ့နိုင်ရန်အတွက် ကြန့်ကြာမှုများ ဖြစ်နေသဖြင့် ကာလရှည်ချေးငွေများ ရရှိလိုကြပါသည်။တခြားစီးပွားရေးလုပ်ငန်းများအတွက် အစိုးရမဟုတ်သော ပြင်ပအဖွဲ့အစည်း Vision Fund/ Fullerton Myanmar,တို့ မှ ချေးငွေရှိ ပါသည် ။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

**မျှစ်ချဉ်စုကျေးရွာ၏ သယ်ယူပို့ဆောင်ရေးယာဉ်များ အသုံးပြုမှုမှာ စက်ဘီး၊ မော်တော်ဆိုင်ကယ်၊ ထော်လာကျီ၊ ကားများကိုသာ အများဆုံးအသုံးပြုကြပါသည်။** စက်ဘီးစီးရေမှာ(၁၅)စီး ၊ဆိုင်ကယ်(၆၆)စီး၊ ထော်လာကျီ(၅)စီး၊ သုံးဘီးဆိုင်ကယ်(၄)စီး၊ မော်တော်ကား(၃)စီး၊ နွားလှည်း(၁)စီးရှိပြီး ရွာ၏သယ်ယူ ပို့ဆောင်ရေး တွင် အဓိက အသုံးပြုကြပါသည်။

ကျေးရွာတစ်ရွာ၏ဖွံ့ဖြိုးမှုကို သုံးသပ်လိုလျှင် ကျေးရွာအခြေခံ အဆောက်အဦး ဖွံ့ဖြိုးမှုမှာလည်း အရေးပါလှသော အခန်းကဏ္ဍတစ်ခုဖြစ်ပါသည်။ ကျေးရွာတွင်းလမ်း (၆၆'-၁၀'-၆")မှာ မိုးရာသီတွင် ရေကျော်ခြင်း၊ရွံ့ဗွက်ထခြင်းများကြောင့် ရဟန်းသံဃာများ ဆွမ်းခံကြွခြင်း၊ ကျောင်းသား/သူများသွား လာရခက်ခဲခြင်း၊ ကျေးရွာတွင်း သာရေး၊ နာရေး၊ စီးပွါးရေး၊ လူမှုရေးများအတွက် အနှောင့်အယှက် အခက်အခဲဖြစ်နေခြင်းများ ကြုံတွေ့နေရသောကြောင့် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ရန် အထူးလိုအပ်နေပါသည်။ တောင်ပုလဲကျေးရွာ– ပုလောကုန်းကျေးရွာချင်းဆက်လမ်းကို ၂၀၀၆-၂၀၀၇ခုနှစ် တွင် ကျောက်ခင်းလမ်းအဖြစ် အဆင့်မြှင့်တင်ခဲ့ပါသည်။ ဆက်လက်၍ ကွန်ကရစ်လမ်း(သို့) ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်မည်ဖြစ်ကြောင်း သတင်းရရှိထားပါသည်။

တောင်ပုလဲကျေးရွာတွင် ကိုယ်ထူကိုယ်ထတည်ဆောက်ထား ရှိပါသည်။ ရေပြွန်(၄) စင်း နှင့်ကွန်ကရစ်တံတား(၁)စင်းမှာ ကောင်းမွန်မှုရှိပါသည်။

**(ခ) ကျေးရွာ မီးလင်းရေး**

တောင်ပုလဲကျေးရွာတွင်ဖိုးသီးချိုဓာတ်အားလိုင်းမှ၂၀၁၆ခုနှစ်မှစ၍ လျှပ်စစ် မီးရရှိပြီး (၇၂%)မှာ ရယူသုံးစွဲလျက်ရှိပါသည်။ကျန်ရှိသောအိမ်ထောင်စုများမှာ မီးကြိုးနှင့် မီတာပုံး ကုန်ကျ စရိတ်အတွက် ငွေကြေးအခက်အခဲရှိသောကြောင့် ချိတ်ဆက်အသုံးပြု နိုင်ခြင်း မရှိသေးပါ။ စီးပွားရေး မပြေလည်သော အိမ်ထောင်စု **(၁၈)**စုမှာ မီးခွက်၊ ဖယောင်း တိုင်ဖြင့် အသုံးပြုပါသည်။

**(ဂ) သတင်းနှင့် ဆက်သွယ်ရေး**

တောင်ပုလဲကျေးရွာတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကို ဖုန်း(၈၀)လုံး၊ တီဗွီ(၅၃)လုံး၊ဂြိုလ်တုစလောင်း(၅၀)စသည်တို့မှ ရရှိပါသည်။ တောင်ပုလဲကျေးရွာ၏ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ အခြေအနေများမှာ အိမ်တိုင်းစေ့နီးပါး ဖုန်း၊ ရေဒီယိုများ မှတဆင့် သတင်းအချက်အလက်များ ရရှိနေပြီး အချို့အိမ်ထောင်စုများတွင် ဂြိုလ်တုစလောင်းများပင် အသုံးပြုနိုင်ကြပါသည်။

**၆။ ပညာရေး**

တောင်ပုလဲကျေးရွာတွင် အခြေခံပညာ မူလတန်းကျောင်းရှိ၍ မူလတန်းပညာ သင်ကြားရသော ကလေးများအတွက် အဆင်ပြေစွာ ကျောင်းတက်နိုင်ပြီး အစိုးရခန့် ဆရာမ (၇)ဦးမှ ပညာသင်ကြားပေးနေပါသည်။ ပညာရေးအဆောက်အဦများမှာ အသင့်အတင့် ကောင်းမွန်မှုရှိပြီး ကျောင်းသုံး ပရိဘောဂများနှင့် စာရေးထိုင်ခုံများ လုံလောက်မှုရှိပါသည်။ သောက်သုံးရေကို ဘုန်းတော်ကြီးကျောင်းမှ ရေပိုက်လိုင်းဖြင့် သွယ်တန်းထားပါသည်။ အိမ်သာ(၃)ခန်းတွဲ(၁)လုံးရှိပြီး ကောင်းမွန်မှုရှိပါသည်။ ကျောင်းအာဟာရ တိုက်ကျွေးမှု မှာလည်း လစဉ်ပုံမှန်မရှိဘဲ အလှူရှင်အပေါ် မူတည်ပြီး ကျွေးမွေးလျှက်ရှိပါသည်။ ကလေးများကိုယ်ကာယကျန်းမာရေးအတွက် ကစားကွင်းတစ်ခု လိုအပ်လျှက်ရှိပါသည်။ ကျောင်းတွင် ကျောင်းခြံစည်းရိုးကာရံထားရှိပြီး ကျောင်းအရှေ့ကွင်းပြင် (၀.၅)ဧကတွင် ကျောင်းသူ ကျောင်းသားများ ကစားရန် မြေဖို့ခြင်းများ ပြုလုပ်ရန် လိုအပ်နေပါသည်။

တောင်ပုလဲကျေးရွာတွင် စာမတတ်သူ မရှိပါ။ ကျေးရွာလူဦးရေ၏ (၇၃.၉၉%) မှာ မူလတန်းအဆင့် ပညာရေးသာပြီးမြောက်မှုရှိကြပြီး၊ အလယ်တန်းအဆင့်အထိ တတ်မြောက်သူ (၁၆.၈၁%)၊ အထက်တန်းအဆင့် တတ်မြောက်သူ (၂.၉၁%)၊ တက္ကသိုလ်/ ကောလိပ် အဆင့်ရှိ သူဦး ရေမှာလည်း(၆.၂၇%) အထိ ရှိပြီး အတန်းပညာ တတ်မြောက်မှုများလာသော ကြောင့် အနာဂတ် ကာလ ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ရရှိစေပါသည်။

**၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**

တောင်ပုလဲကျေးရွာနှင့် (၁)မိုင်ခန့်ဝေးသော ပုလောကုန်းကျေးရွာရှိ ကျေးလက် ကျန်းမာရေးဌာနတွင် ထိခိုက်ဒဏ်ရာနှင့် သာမန်ရောဂါများကို ကုသနိုင်ပါသည်။ အရေးပေါ်လူနာများကို ပုလောမြို့ (၃)မိုင် ပြည်သူ့ဆေးရုံတို့တွင် ကုသကြ ပါသည်။ ကျေးလက်ဆေးပေးခန်း(၁)လိုအပ်၍ ဆေးဝါးများပြည့်စုံစွာ လိုအပ်လျှက်ရှိပါသည်။ အမြဲတမ်းကျန်းမာရေးဝန်ထမ်း(၁)ဦး လိုအပ်လျှက်ရှိပါသည်။

တောင်ပုလဲကျေးရွာတွင် ပုလောကုန်းကျေးလက်ကျန်းမာရေးဌာနခွဲမှ ဆရာမများမှ ကာကွယ်ဆေးများအား ကျေးရွာအရောက် လာရောက်ထိုးနှံပေးခြင်း၊ ဆေးပေးခန်းသို့ သွားရောက် ထိုးနှံ ရခြင်း ပြုလုပ်ကြရပါသည်။

တောင်ပုလဲကျေးရွာတွင် သောက်သုံးရေအတွက် လက်တူးတွင်း(၅၀)တွင်းမှ အဓိက ရယူနေကြပါသည်။

တောင်ပုလဲကျေးရွာတွင် ရေလောင်း/ယင်လုံအိမ်သာ သုံးစွဲသည့် အိမ်ထောင်စု **(၈၀)**အိမ်ရှိပါသည်။ အိမ်တိုင်းစေ့ယင်လုံအိမ်သာသုံးစွဲနိုင်ရန်အတွက် ကျန်းမာရေးအသိ **ပညာ**ပေး ဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်လျှက်ရှိပါသည်။

## ၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

တောင်ပုလဲကျေးရွာ၏ စိုက်ပျိုးမြေများမှာ မြေဆီသြဇာ ပြန်လည် ဖြည့်တင်းသည့် စနစ်အား ကျင့်သုံးမှု အားနည်းခဲ့ခြင်းကြောင့် အထွက်နှုန်းနည်းရခြင်း အကြောင်းရင်း တစ်ခုဖြစ်ပါသည်။ ဖျက်ပိုးကျရောက်မှု အသင့်အတင့်သာရှိသော်လည်း နည်းပညာ ပံ့ပိုးပေးနိုင်သည့် စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်မည်ဆိုပါက သီးနှံဖျက်ပိုးနှင့် ပတ်သက်၍ အခက်အခဲများ လျော့နည်းနိုင်ပါသည်။ ထို့အပြင် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု စနစ်မှာလည်း အားနည်းနေသည်ဖြစ်ရာ စနစ်တကျစွန့်ပစ်ခြင်း၊ အမျိုး အစားအလိုက် ပြန်လည် အသုံးချခြင်းစသည့် စနစ်များအား ဦးဆောင်ဦးရွက်ပြုနိုင်မည့် ကျေးရွာတွင်း အဖွဲ့အစည်း သို့မဟုတ် ကျေးရွာပြင်ပမှ အဖွဲ့အစည်းများမှ လုပ်ငန်းစဉ်အဆင့်ဆင့်အား ကျေးရွာသူ/သား များ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

## ၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

တောင်ပုလဲ ကျေးရွာတွင် လူငယ်များသည် ကျေးရွာ၏ လူမှုရေး၊ ဘာသာရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသင့်အတင့် ပါဝင်မှုရှိကြပြီး လူငယ်များအတွက် အားကစားနှင့် ကာယ လေ့ကျင့်ခန်းများ ပြုလုပ်ရန်နှင့် အထောက်အကူပြုပစ္စည်းများ မရှိကြသဖြင့် ကျန်းမာရေး လိုက်စားမှု အားနည်းကြပါသည်။ လူငယ်များ လေ့လာရန်နေရာများ မရှိသဖြင့် အသိပညာတိုးတက်စေမည့် ဟောပြော ပွဲများ၊ သင်တန်းများ စီစဉ်ဆောင်ရွက် လိုအပ် နေပါသည်။

# ၁၀။ပုလောကုန်းကျေးရွာအုပ်စု၊ တောင်ပုလဲကျေးရွာ ကျေးရွာဖွဲ့ဖြိုးရေးစီမံကိန်း ဦးစားပေးစီမံချက်များ

| စဉ် | ကဏ္ဍ | ကဏ္ဍခွဲ | စီမံချက်ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | ဦးစားပေး အဆင့် | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | အခြေခံအဆောက်အဦ | ကျေးလက်လမ်း၊ရွာချင်းဆက်လမ်း၊တံတား ဆောက်လုပ်ခြင်း | ကျေးလက်လမ်းတံတား | ကျေးရွာတွင်းလမ်း(၆၆၀'-၁၀'-၆")ပေအား ကွန်ကရစ်လမ်းခင်းခြင်း | ပထမ | |
| ၂ | ပညာရေး | အခြေခံပညာရေးဆိုင်ရာ | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ | ကျောင်းအားကစားကွင်းပြုလုပ်ပေးခြင်း | ဒုတိယ | |
| ၃ | ပညာရေး | အခြေခံပညာရေးဆိုင်ရာ | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ | စာသင်ကျောင်း(၀.၅)ကေအား မြေဖို့ခြင်း | တတိယ | |
| ၄ | စိုက်ပျိုးရေး | စိုက်ပျိုးရေးနည်းပညာ | နည်းပညာ | စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးသင်တန်းများ ဟောပြောပွဲများ ပုံမှန်ပြုလုပ်ပေးခြင်း | | |
| ၅ | စိုက်ပျိုးရေး | လယ်ယာလုပ်ငန်းသုံး စက်ကိရိယာနှင့် စက်မှုလယ်ယာ | စက် | စိုက်ပျိုးရေးသွင်းအားစုများ ဈေးနှုန်းသက်သာစွာရရှိစေရန် ချိတ်ဆက်ခြင်း | | |
| ၆ | ငွေကြေး | အသေးစားငွေကြေးဝန်ဆောင်မှု | အသေးစား | အတိုးနှုန်းနည်းသော ကာလရှည်ချေးငွေများ ရရှိရန် ချိတ်ဆက်လုပ်ဆောင်ခြင်း | | |
| ၇ | လူငယ်နှင့်အားကစား | လူငယ်အရည်အသွေးနှင့်စွမ်းဆောင်ရည်ဖွံ့ဖြိုးစေရေး | လူငယ်အခွင့်အရေး | စာပေဟောပြောပွဲများ ပုံမှန်ကျင်းပခြင်း | | |
| ၈ | အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး | လူငယ်အရည်အသွေးနှင့်စွမ်းဆောင်ရည်ဖွံ့ဖြိုးစေရေး | အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး | ခေါင်းဆောင်မှု၊စီမံခန့်ခွဲမှု စသည့်စွမ်းဆောင် ရည်မြှင့်သင်တန်းများ ပြုလုပ်ပေးခြင်း | | |
| ၉ | ကျန်းမာရေး | အခြေခံကျန်းမာရေးဝန်ဆောင်မှု၊ကျေးလက်ကျန်းမာရေးဝန်ဆောင်မှု၊ကျေးလက်အခြေပြု၊လူထုအခြေပြုကျန်းမာရေးဝန်ဆောင်မှု | ကျေးလက်ကျန်းမာရေးဆေးပေးခန်း၊ကာကွယ်ဆေးထိုးခြင်း | ကျေးလက်ဆေးပေးခန်း၊ဆေးဝါးများလုံလောက်စွာ လိုအပ်ခြင်း | | |
| ၁၀ | ကျန်းမာရေး | အခြေခံကျန်းမာရေးဝန်ဆောင်မှု၊ကျေးလက်ကျန်းမာရေးဝန်ဆောင်မှု၊ကျေးလက်အခြေပြု၊လူထုအခြေပြုကျန်းမာရေးဝန်ဆောင်မှု | သားဖွါးဆရာမ၊ကျေးလက်ကျန်းမာရေးမှူးစသည် | အမြဲတမ်းကျန်းမာရေးဝန်ထမ်း(၁)ဦး လိုအပ်ခြင်း | | |
| ၁၁ | ကျန်းမာရေး | အခြေခံကျန်းမာရေးဝန်ဆောင်မှု၊ကျေးလက်ကျန်းမာရေးဝန်ဆောင်မှု၊ကျေးလက် | ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး | ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း | | |

| | | | | | | |
|---|---|---|---|---|---|---|
| | | အခြေပြု၊လူထုအခြေပြုကျန်းမာရေး ဝန်ဆောင်မှု | | | | |
| ၁၂ | မွေးမြူရေး နှင့်ငါးလုပ်ငန်း မွေးမြူရေးဆေးပညာ | မွေးမြူရေးနှင့် ကုသရေးပညာပေး၊နည်းပညာ ပြန့်ပွါးရေး | နည်းပညာ | မွေးမြူရေးဆိုင်ရာ နည်းပညာပေးသင်တန်းများ ပြုလုပ်ပေးခြင်း | | |
| ၁၃ | သဘာဝသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် | အသိပညာပေးဆွေးနွေးပွဲ | သဘာဝဘေးလျော့ချရေး: | သဘာဝပတ်ဘေးအန္တရာယ်လျော့ချရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများ ပြုလုပ်ပေးခြင်း | | |
| ၁၄ | လူငယ်နှင့်အားကစား | လူငယ်အရည်အသွေးနှင့် စွမ်းဆောင်ရည် ဖွံ့ဖြိုးရေး | အမျိုးသမီး | အမျိုးသမီးများ တရားဥပဒေဆိုင်ရာ အသိပညာပေးဟောပြောပွဲ | | |

## ပုလောကုန်းကျေးရွာအုပ်စု၊ တောင်ပုလဲကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း အဖွဲ့ဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးမျိုးမြင့် | ဦးရွှေထူး | ၆/ပလန(နိုင်)၀၁၅၆၆၀ | ၅၅ | ဥက္ကဋ္ဌ | ၀၉၂၆၂၀၁၂၉၄၅ |
| ၂ | ဦးအောင်ကိုလတ် | ဦးဆန်းဦး | ၆/ပလန(နိုင်) ၀၉၀၃၅၅၆ | ၂၇ | အတွင်းရေးမှူး | ၀၉၄၂၅၂၂၄၉၂၇၂ |
| ၃ | ဦးမျိုးနိုင် | ဦးဝင်းကြည် | ၆/ပလန(နိုင်) ၀၄၂၀၁၉ | ၃၈ | ဘဏ္ဍာရေးမှူး | ၀၉၄၂၈၇၇၀၃၀၂ |
| ၄ | ဦးမြင့်လွင် | ဦးသန်းရွှေ | ၆/ပလန(နိုင်) ၀၂၅၆၅၁ | ၅၅ | စာရင်းကိုင် | ၀၉၄၂၂၂၂၆၇၃၆ |
| ၅ | ဦးမျိုးလင်းအောင် | ဦးစိန်ချစ် | ၆/ပလန(နိုင်) ၀၄၉၈၂၉ | ၄၇ | စာရင်းစစ် | ၀၉၄၂၅၈၈၁၃၆ |
| ၆ | ဒေါ်မြမြအိ | ဦးထွန်းထွန်း | ၆/ပလန(နိုင်) ၁၁၃၃၅၆ | ၁၈ | အဖွဲ့ဝင် | ၀၉၂၅၉၇၀၈၀၃၇ |
| ၇ | ဦးရန်နိုင်စိုး | ဦးမှေး | – | ၄၅ | အဖွဲ့ဝင် | – |
| ၈ | ဒေါ်မြမြတ်နွေး | ဦးကျော်လွင် | ၆/ပလန(နိုင်)၁၁၃၇၇၅ | ၁၈ | အဖွဲ့ဝင် | – |
| ၉ | ဒေါ်သက်ခိုင် | ဦးချစ်မော် | – | ၄၅ | အဖွဲ့ဝင် | ၀၉၄၄၁၈၈၀၁၈၁ |
| ၁၀ | ဒေါ်လင်းလင်းသန်း | ဦးစိန်ချစ် | ၆/ပလန(နိုင်) ၀၀၂၇၃၉ | ၄၃ | အဖွဲ့ဝင် | – |
| ၁၁ | ဒေါ်ရွှေကျင် | ဦးချစ်မောင် | ၆/ပလန(နိုင်) ၀၆၉၆၅၁ | ၅၅ | အဖွဲ့ဝင် | ၀၉၄၄၆၀၄၀၉၁၃ |
| ၁၂ | ဦးသိန်းဝင်း | ဦးအေးကြွယ် | ၆/ပလန(နိုင်) ၀၂၅၅၃၃ | ၅၅ | နာယက | ၀၉၂၅၀၈၃၅၉၁၇ |
| ၁၃ | ဦးဝင်းအောင် | ဦးစိန်ဌေး | ၆/ပလန(နိုင်) ၀၀၄၃၁၂ | ၅၄ | ရပ်မိရပ်ဖ | – |

| | | | | | | |
|---|---|---|---|---|---|---|
| ၁၄ | ဦးမြင့်စိုး | ဦးထူးစိန် | ဖ/ပလန(နိုင်)၀၂၇၀၆၉ | ၅၆ | ရပ်မိရပ်ဖ | – |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၇ | ၃ | ၁၀ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၁၄ | ၂၁ | ၃၅ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၂၄ | ၁၈ | ၄၂ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၂၂ | ၂၇ | ၄၉ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၆၉ | ၁၈၄ | ၃၅၃ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၂၂ | ၂၉ | ၅၁ |
| **စုစုပေါင်း** | | **၂၅၈** | **၂၈၂** | **၅၄၀** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၉၂** | | |

**ရင်းမြစ်**... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။ တောင်ပုလဲကျေးရွာတွင် အဓိကအားဖြင့် ဗမာလူမျိုးများ နေထိုင်ကြပြီး အိမ်ထောင်စု (၉၂)စု၊ လူဦးရေ (၅၄၀ )ဦးရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ် အောက်နို့စို့ အရွယ် (၁.၈၅%)၊ ငါးနှစ်အောက် ကလေးငယ်အရွယ် (၆.၄၈%)၊ မူလတန်းကျောင်းသား အရွယ် (၇.၇၈%)၊ အလယ်တန်းကျောင်းသား အရွယ် (၉.၀၈%)၊ သက်ကြီးရွယ်ကြီးအရွယ် (၉.၄၄%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၃၄.၆၃)% ရှိပြီး အလုပ်လုပ်နိုင်သည့်အရွယ် ကျား (၁၆၉) ဦး၊ မ (၁၈၄) ဦး စုစုပေါင်း (၃၅၃) ဦးရှိပြီး တစ်ရွာ လုံးလူဦးရေ၏ (၆၅.၅၆)% ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅.၈၆) ဦးနှုန်း ရှိသောကြောင့် ကျေးလက် အိမ်ထောင် စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅) ဦးနှုန်းထက် လျော့နည်းနေပါသည်။ ကျေးရွာ အတွင်း အလုပ်လုပ်နိုင်သော လူဦးရေ များပြားသောကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသား အရင်းအမြစ် အထောက်အပံ့ များ ရှိပါသည်။

**(ခ) အလုပ်လုပ်နိုင်သူ အင်အား**

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၀ | ၄၀ | ၄၀ | မြင့်□လတ် Â နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | ၂၀ | ၃၀ | ၅ | မြင့်□လတ်□နိမ့် Â |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | ၅ | ၁၀ | - | မြင့်□လတ်Â်နိမ့်□ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၃ | – | မြင့်□လတ်Â်နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | ၃ | - | ၃ | မြင့်□လတ်□နိမ့်□ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၁၆ | **ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | ၄ | – | ၄ | မြင့်□လတ်□နိမ့်□ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | ၁၀ | ၅ | ၅ | မြင့်□လတ် Â နိမ့်□ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | - | မြင့်□လတ်□နိမ့်□ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၄၅ | ၈၀ | – | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | **စုစုပေါင်း** | | | | ☒ |

**ရင်းမြစ်**... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။** ။ **'အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ'** အရေအတွက်တွင် **'မိသားစုဝင်လုပ်အား' ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **'ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)'** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများ အတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**'စိုက်ပျိုးရေး'** ကဏ္ဍ၏ **'ကိုယ်ပိုင်လုပ်ငန်း'** တွင်ရပ်တည်နိုင်မှု **'မြင့်'** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ် ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ တောင်ပုလဲကျေးရွာတွင် အဓိကအားဖြင့် ဥယျာဉ်ခြံလုပ်ငန်း လုပ်ကိုင် ကြပါသည်။ မိုးစပါးစိုက်ပျိုးပြီး စိုက်ပျိုးသည့်အိမ်ထောင်စု(၂၈)စု ရှိပါသည်။ **တစ်ပိုင်တစ်နိုင်ဈေးဆိုင်များ လုပ်ကိုင်ကြပြီး**

**ကျောင်းဆရာမများ၊ အဖြစ် လုပ်ကိုင်နေကြသူများလည်း ရှိကြပါသည်။ အခြားအသက်မွေးမှု နည်းပညာများ တတ်မြောက်သည့် အိမ်ထောင်စု နည်းပါးသဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးသောကြောင့် တခြားပြင်ပနိုင်ငံများတွင် သွားရောက် လုပ်ကိုင်သည့် ဦးရေ အနည်းငယ် ပိုများရခြင်း ဖြစ်ပါသည်။** ခနိတောလုပ်ငန်း လုပ်ကိုင်သည့် အိမ်ထောင်စု(၃၀)စုရှိပြီး(၅၀%) လုပ်ကိုင်ကြပါသည်။ ကျောင်းဆရာ/မ(၁၀)ဦး၊ ကျန်းမာရေးဆရာမ(၂)ဦး နှင့် ထွေ/အုပ်၊ရဲ၊စစ်သား(၄)ဦးရှိပါသည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုများ မရှိပါ။

**ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၇၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၄၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၀၀၀၀ | - | ၆၀၀၀ | - |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၆၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)**

**(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

လေ့လာတွေ့ရှိချက်။ ။ တောင်ပုလဲကျေးရွာတွင် နေထိုင်သူအများစုမှာ လယ်ယာလုပ်ငန်း လုပ်ကိုင်သည့် အိမ်ထောင်စု(၆)စုရှိပါသည်။ လယ်ယာလုပ်ငန်းနှင့် ဆောက်လုပ်ရေး လုပ်ငန်းများ၊ အကြမ်း အလုပ် များ၌ ဝင်ငွေရရှိမှုများစွာ မကွာခြားသော်လည်း လုပ်ငန်းကျွမ်းကျင်မှုအပေါ် အခြေခံ၍ လုပ်ကိုင်ရ သည့် အလုပ်များတွင်မူ ကျား/မ ဝင်ငွေရရှိမှုများစွာ ကွာခြားပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

**ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | |
|---|---|---|---|---|
| လယ်မြေ | ၂၁၂ | ကောင်း ☐ | သင့် Â | ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | – | ကောင်း ☐ | သင့် ☐ | ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၁၈၄ | ကောင်း ☐ | သင့် Â | ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | - | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| ခနိတောမြေ | ၄၀ | ကောင်း ☐ | သင့် Â | ညံ့ ☐ |
| စားကျက်မြေ | ၁၀ | ကောင်း ☐ | သင့်္ Â | ညံ့ ☐ |
| မြေလွတ် မြေလပ် | - | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| စုစုပေါင်း | ၄၄၆ | ☒ | | |

**ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။**

လေ့လာတွေ့ရှိချက်။ ။ တောင်ပုလဲကျေးရွာတွင် အဓိကအားဖြင့် မိုးစပါးကိုသာ စိုက်ပျိုးကြပါသည်။ ဥယျာဉ်ခြံ လုပ်ငန်း လုပ်ကိုင်သည့်အိမ်ထောင်စုများလည်းရှိပါသည်။ တောင်ပုလဲကျေးရွာ၏ လယ်မြေနှင့် ဥယျာဉ်ခြံ မြေများ၏ မြေဆီလွှာ ထက်သန်မှုမှာ အသင့်အတင့်ကောင်းမွန်မှုရှိပြီး စပါးနှင့်အခြား သီးနှံများ ထုတ်လုပ်မှုတွင် အထွက်နှုန်း တိုးတက်လာစေရန် စိုက်ပျိုးနည်းစနစ်များ၊ မြေဆီသြဇာ အဆင့်အတန်း ကောင်းမွန်လာစေရန် စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးသင်တန်းများ၊ဟောပြောပွဲများ ပံ့မှန်ပြုလုပ်ပေးရန် လိုအပ်နေပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

**ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ☐ သင့်☐ နည်း☐ မရှိÂ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ Â |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ☐ သင့်☐ နည်း☐ မရှိÂ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ Â |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့် ☐ နည်း☐ မရှိÂ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ Â |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ☐ သင့် ☐ နည်းÂ မရှိ☐ | ☒ |

**ရင်းမြစ်..ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။ တောင်ပုလဲကျေးရွာတွင် ဓာတ်သတ္တုနှင့် အခြား တွင်းထွက်သယံဇာတများ နှင့်

သဲ၊ကျောက် များ မထွက်ရှိပါ။ သဘာဝ တိရစ္ဆာန် မျိုးစိတ်များမှာလည်း ယခုအခါ နည်းပါးလာပြီး လက်လှမ်းမမှီနိုင်တော့ပါ။ ဆေးဖက်ဝင်အပင်များဖြစ်သည့် ဘိစပ်ရွက်၊လောက်သေရွက်များကို အနည်းငယ်ရရှိပါသည်။

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသော အိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၃ | ၁၂ | ၂၉ | ၄၈ |

**ရင်းမြစ်** ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ တောင်ပုလဲကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စုမှာ (၃.၆%)၊ အလယ်အလတ်အိမ်ထောင်စုမှာ (၁၃.၀၄%) ရှိပြီး ကိုယ်ပိုင်စိုက်ပျိုးရေးနှင့် ကူးသန်းရောင်းဝယ်လုပ်ငန်းများ လုပ်ကိုင်ကြသည်။ ထိုအိမ်ထောင်စု များသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ငွေကြေး (သို့) ပစ္စည်းစသည်ဖြင့် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ပါလိမ့်မည်။ မပြေလည်သောနှင့် အလွန်မပြေလည်သော အိမ်ထောင်စုများသည် ရော်ဘာအစေး ခြစ်သည့် လုပ်ငန်းခွင်များတွင် အသက်မွေးလုပ်ငန်း လုပ်ကိုင်ကြသည်။

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၈ ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | ၁၄ | အခြားအစာပြောင်းလဲစား= _____<br>အစာလျှော့စား = _____<br>အထောက်အပံ့ယူ = _____<br>ချေးယူ = ___၁၁_____<br>လုပ်အားခကြိုယူ = ___၃_____ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | ၉ | အခြားအစာပြောင်းလဲစား= _____<br>အစာလျှော့စား = _____<br>အထောက်အပံ့ယူ = _____<br>ချေးယူ = ____၆_____ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| | | လုပ်အားခကြိုယူ = _____၂_____ |
| ၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | ၄ | အခြားအစာပြောင်းလဲစား= _____<br>အစာလျှော့စား = _____<br>အထောက်အပံ့ယူ = _____<br>ချေးယူ = _____၂_____<br>လုပ်အားခကြိုယူ = _____၂_____ |

**ရင်းမြစ်..ဥစ္စာဓနအဆင့် 'ခ' နှင့် 'ဂ' အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

လေ့လာတွေ့ရှိချက်။ ။ တောင်ပုလဲကျေးရွာတွင် ဥစ္စာဓနအဆင့်(၃)နှင့်(၄) အိမ်ထောင်စု စုစုပေါင်း၏ (၃၀%)စစ်တမ်းကောက်ယူမှုအရ (၃)လအောက် ဝမ်းစာဖူလုံမှုမှာ အိမ်ထောင်စု (၅၃.၈၄%) မှာချေးယူခြင်းနှင့်လုပ်အားခကြိုယူခြင်းများဖြင့် မိသားစုစားဝတ်နေရေးအတွက် ဖြေရှင်းကြပါသည်။ (၃လ) နှင့်(၆)လကြား ဝမ်းစာဖူလုံမှု အိမ်ထောင်စု(၃၀.၇၆%)မှာ မိသားစုစားဝတ်နေရေး၊ကျန်းမာရေး၊ အလုပ်အကိုင် ရရှိရေးအတွက် ချေးယူခြင်းနှင့်လုပ်အားခကြိုယူခြင်း များ ပြုလုပ်ကြပါသည်။ (၆)လနှင့် (၁၂)လ အထက် ဝမ်းစာဖူလုံမှု အိမ်ထောင်စုမှာ (၁၅.၃၈)%မှာ မိသားစုစား ဝတ်နေရေး၊ ကျန်းမာရေး၊ အလုပ်အကိုင် ရရှိရေးအတွက် ချေးငှါးကြပါသည်။

**(ဂ-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**
**ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | - | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | - | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ တောင်ပုလဲကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သည့် ဆင်းရဲသည့် အိမ်ထောင်စုများ မရှိသော်လည်း အများစုသည် ဆွေမျိုးတော်စပ်ကြသောကြောင့် အရေးပေါ်ကိစ္စရပ်များတွင် တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီ ကြပါသည်။

**(ဂ-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**
**ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | | |
|---|---|---|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် □ | လတ် □ | နိမ့် Â | မရှိ □ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် □ | လတ် □ | နိမ့် Â | မရှိ □ |
| ၃ | ရေကြီးခြင်း | မြင့် □ | လတ် Â | နိမ့် □ | မရှိ □ |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | | |
|---|---|---|---|---|---|
| ၄ | မိုးခေါင်ခြင်း | မြင့် □ | လတ် □ | နိမ့် Â | မရှိ □ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် □ | လတ် □ | နိမ့်□ | မရှိ Â |
| ၆ | မုန်တိုင်း | မြင့် □ | လတ် □ | နိမ့်□ | မရှိ Â |
| ၇ | ငလျင် | မြင့် □ | လတ် □ | နိမ့်□ | မရှိ Â |
| ၈ | မီးဘေး | မြင့် □ | လတ် □ | နိမ့်□ | မရှိ Â |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် □ | လတ် □ | နိမ့် Â | မရှိ □ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် □ | လတ် □ | နိမ့် Â | မရှိ □ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် □ | လတ် □ | နိမ့် Â | မရှိ □ |
| ၁၂ | ဌက်ဖျားရောဂါ | မြင့် □ | လတ် Â | နိမ့် □ | မရှိ □ |
| ၁၃ | တီဘီရောဂါ | မြင့် □ | လတ် □ | နိမ့် Â | မရှိ □ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် □ | လတ် □ | နိမ့်□ | မရှိ Â |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် □ | လတ် □ | နိမ့်□ | မရှိ Â |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် □ | လတ် □ | နိမ့် Â | မရှိ □ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် □ | လတ် □ | နိမ့် □ | မရှိ Â |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် □ | လတ် □ | နိမ့် □ | မရှိ Â |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ တောင်ပုလဲကျေးရွာတွင် နေ့စားကျပန်းလုပ်ကိုင်သော အိမ်ထောင်စုများပြီး စားနပ်ရိက္ခာ မဖူလုံမှု အနည်းငယ်သာ ရှိပါသည်။ လုပ်ကိုင်စားသောက်နိုင်သော လယ်၊ ဥယျာဉ်ခြံမြေများ အသင့်အတင့် ရှိသဖြင့် ကျပန်းလုပ်ကိုင်သော မိသားစုများမှ အဆိုပါ လုပ်ငန်းများတွင် ဝင်ရောက် လုပ်ကိုင်ခြင်းဖြင့် ဝင်ငွေရရှိပါသည်။ ရာသီဥတုမှာလည်း အသင့်အတင့် မျှတသော အခြေအနေသာ ဖြစ်ပါသည်။ တိရစ္ဆာန်မွေးမြူသူများအနေဖြင့် နှစ်စဉ်ရောဂါပိုးကျရောက်သောကြောင့် ပညာပေးဟော ပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်နေပါသည်။

### (၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

**ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | | |
|---|---|---|---|---|---|
| ၁ | လူငယ် | မြင့် □ | လတ်□ | နိမ့် Â | မရှိ □ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် □ | လတ်□ | နိမ့် Â | မရှိ □ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် □ | လတ် Â | နိမ့် □ | မရှိ □ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု | မြင့် □ | လတ်□ | နိမ့် Â | မရှိ □ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် □ | လတ် □ | နိမ့် □ | မရှိ Â |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to | မြင့် □ | လတ် □ | နိမ့် □ | မရှိ Â |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| | accident) တွင် နေထိုင်သူများ | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် □ လတ် □ နိမ့် □ မရှိ Â |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် □ လတ် □ နိမ့် □ မရှိ Â |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် □ လတ် □ နိမ့် □ မရှိ Â |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် □ လတ် Â နိမ့်□ မရှိ □ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် □ လတ် □ နိမ့်□ မရှိ Â |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် □ လတ် □ နိမ့်□ မရှိ Â |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် □ လတ် □ နိမ့်□ မရှိ Â |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် □ လတ် □ နိမ့်□ မရှိ Â |
| ၁၅ | ဆေးစွဲသူများ | မြင့် □ လတ် □ နိမ့် Â မရှိ □ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် □ လတ် □ နိမ့် Â မရှိ □ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် □ လတ် □ နိမ့် Â မရှိ □ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် □ လတ် □ နိမ့်□ မရှိ Â |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် □ လတ် □ နိမ့်□ မရှိ Â |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် □ လတ် □ နိမ့်□ မရှိ Â |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ တောင်ပုလဲကျေးရွာတွင် လက်လုပ်လက်စားကျပန်းလုပ်ကိုင်သည့် အိမ်ထောင်စုများ ရှိသဖြင့် ၄င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ် ရိက္ခာမဖူလုံသည့် အခြေအနေများ ကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက် ခံစားလွယ်နိုင် ပါသည်။

**(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ**

**(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ**

**ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | ရပ်မိရပ်ဖအဖွဲ့ | ၁□ ၂Â ၃□ | ၁၀ | ၉ | ၁၉ | ပညာရေး □ ဌေကြေး □<br>ကျန်းမာရေး □ ဘာသာရေး □<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး Â<br>လုံခြုံရေးနှင့် ကာကွယ်ရေး Â | ကောင်း Â<br>သင့် □<br>ညံ့ □ |
| ၂ | ဆယ်အိမ်ခေါင်းအဖွဲ့ | ၁□ ၂□ ၃Â | ၉ | - | ၉ | ပညာရေး □ ဌေကြေး □<br>ကျန်းမာရေး Â ဘာသာရေး □<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး Â<br>လုံခြုံရေးနှင့် ကာကွယ်ရေး Â | ကောင်း □<br>သင့် Â<br>ညံ့ □ |
| ၃ | ကာလသား/သမီးအဖွဲ့ | ၁□ ၂□ ၃Â | ၂၈ | ၄၀ | ၆၈ | ပညာရေး □ ဌေကြေး □<br>ကျန်းမာရေး□ ဘာသာရေး Â | ကောင်း □ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| | | | | | | စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး Â<br>လုံခြုံရေးနှင့် ကာကွယ်ရေး □ | သင့် Â<br>ညံ့ □ |
| ၄ | ဂေါပကအဖွဲ့ | ၁□ ၂Â ၃□ | ၅ | - | ၅ | ပညာရေး □ ဌေးကြေး □<br>ကျန်းမာရေး ဘာသာရေး Â<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □<br>လုံခြုံရေးနှင့် ကာကွယ်ရေး □ | ကောင်း □<br>သင့် Â<br>ညံ့ □ |
| ၅ | ကျောင်းအကျိုးတော်ဆောင်အဖွဲ့ | ၁□ ၂Â ၃□ | ၁၀ | – | ၁၀ | ပညာရေး Â ဌေးကြေး □<br>ကျန်းမာရေး ဘာသာရေး<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □<br>လုံခြုံရေးနှင့် ကာကွယ်ရေး □ | ကောင်း □<br>သင့် Â<br>ညံ့ □ |
| ၆ | မိဘဆရာအသင်း | ၁□ ၂Â ၃□ | ၁၀ | – | ၁၀ | ပညာရေး Â ဌေးကြေး □<br>ကျန်းမာရေး ဘာသာရေး □<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □<br>လုံခြုံရေးနှင့် ကာကွယ်ရေး □ | ကောင်း □<br>သင့် Â<br>ညံ့ □ |
| ၇ | မီးကော်မတီ | ၁□ ၂Â ၃□ | ၁၂ | - | ၁၂ | ပညာရေး □ ဌေးကြေး □<br>ကျန်းမာရေး □ ဘာသာရေး □<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး Â<br>လုံခြုံရေးနှင့် ကာကွယ်ရေး □ | ကောင်း □<br>သင့် Â<br>ညံ့ □ |
| ၈ | ပရဟိတအဖွဲ့ | ၁□ ၂Â ၃□ | ၇၀ | ၅၄ | ၁၂၄ | ပညာရေး □ ဌေးကြေး □<br>ကျန်းမာရေး □ ဘာသာရေး □<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး Â<br>လုံခြုံရေးနှင့် ကာကွယ်ရေး □ | ကောင်း □<br>သင့် Â<br>ညံ့ □ |
| ၉ | ပဌာန်းအဖွဲ့ | ၁□ ၂□ ၃Â | ၂၀ | ၂၀ | ၄၀ | ပညာရေး □ ဌေးကြေး □<br>ကျန်းမာရေး □ ဘာသာရေး Â<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □<br>လုံခြုံရေးနှင့် ကာကွယ်ရေး □ | ကောင်း □<br>သင့် □<br>ညံ့ Â |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။**

**အုပ်စုအမျိုးအစား**

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

